ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်

# ၂၀၂၀ ပြည့်နှစ်
# အထွေထွေရွေးကောက်ပွဲ
# မဲရုံအတွေ့အကြုံနှင့် သုံးသပ်ချက်များ စာတမ်း

**မဲရုံတာဝန်ကျ ဆရာ၊ ဆရာမများအဖွဲ့**

**၂၀၂၁ ခုနှစ်**

( ဤစာတမ်းပါ အကြောင်းအရာများကို ခွင့်ပြုချက်တောင်းခံရန် မလိုအပ်ဘဲ
လွတ်လပ်စွာကူးယူအသုံးပြုနိုင်ပါသည်။ )

# စာတမ်းဖြစ်ပေါ်လာပုံ

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၌ ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မှန်ခြင်းနှင့် မှားခြင်း၊ ဖြောင့်ခြင်းနှင့် မဖြောင့်ခြင်း၊ မဲရလဒ်ကို လက်ခံခြင်းနှင့် ငြင်းပယ်ခြင်းစသော အရှုပ်အထွေးများစွာသည် ဖြစ်ပေါ်ခဲ့ပါသည်။ မဲရုံတာဝန်ထမ်းဆောင်ခဲ့ကြသော ကျွန်ုပ်တို့ ဆရာ၊ ဆရာမများအနေနှင့်လည်း မိမိတို့၏ အတွေ့အကြုံ အဖြစ်အပျက်အမှန်များကို လူမှုကွန်ယက် စာမျက်နှာများပေါ်တွင် Post များအဖြစ် ရေးသားတင်ပြ၍ ရှင်းလင်းခဲ့ကြပါသည်။ သို့သော် အမှန်တရား၊ အရှိတရားကို တင်ပြသော Post အနည်းစုသည် ပါတီစွဲ၊ ဂိုဏ်းဂဏစွဲကြီးသော Post အများစုတို့၏ကြားတွင် မည်သူမှ မဖတ်ရှု၊ မသိ၊ မမြင်နိုင်လောက်အောင် မှေးမှိန်ပျောက်ကွယ်ခဲ့ရပါသည်။

ဤမဲစာရင်းအရှုပ်အထွေးကိုပင် အကြောင်းပြု၍ တပ်မတော်ကလည်း ဖေဖော်ဝါရီလ ( ၁ ) ရက်နေ့တွင် အရေးပေါ်အခြေအနေ သတ်မှတ်ကြေငြာ၍ နိုင်ငံတော်၏ အာဏာသုံးရပ်စလုံးကို လွှဲပြောင်းရယူခဲ့ပါသည်။ မဲစာရင်းနှင့်ပတ်သက်၍လည်း စိစစ်ဖော်ထုတ်မှုများ ပြုလုပ်နေပါသည်။ ထို့ကြောင့် မိမိကိုယ်တိုင် မဲရုံမှူးတာဝန်ထမ်းဆောင်ခဲ့ရသော ဆရာတစ်ဦးဖြစ်သည်နှင့်အညီ မိမိ၏ အတွေ့အကြုံနှင့် အခြားသော ဆရာ၊ ဆရာမများ၏ တင်ပြထားပြီးဖြစ်သော Post များကိုပါ အခြေခံ၍ နောက်ဆုံးရရှိလာသော အချက်အလက်များကို ဖြည့်စွက်ပြီး ထပ်မံရှင်းလင်းတင်ပြရန် လိုအပ်လာပြီဟု ထင်မြင်ယူဆသည့်အတွက် ဤစာတမ်းကို ကျွန်ုပ်တို့ ( မဲရုံတာဝန်ကျ ဆရာ၊ ဆရာမများအဖွဲ့က ) ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ဤစာတမ်းကို ပါတီစွဲ၊ ဂိုဏ်းဂဏစွဲကင်းစွာဖြင့် ဘက်လိုက်ခြင်းမရှိသော ရှုထောင့်မှ ဖတ်ရှုပြီးလျှင် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးနှင့် ဒီမိုကရေစီလမ်းကို ဆက်လက်လျှောက်လှမ်းနိုင်ရေးကိုသာ အဓိကရည်မှန်းချက် ပန်းတိုင်ထား ရှေ့ရှုကြပြီး တစ်လှေတည်း မစီးနိုင်လျှင်သော်မှ တစ်ခရီးတည်း သွားနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။


လင်းထက် ( ရတနာပုံ )

တာဝန်ခံ

မဲရုံတာဝန်ကျ ဆရာ၊ ဆရာမများအဖွဲ့

linnhtet.yadanarbon@gmail.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | ၁ |
| ၂ | ဖြေရှင်းစရာများမပါရှိသော တပ်မတော်၏ထုတ်ပြန်ချက်များ | ၁ |
| ၃ | ယခင် မဲစာရင်းများသည်ရော မှန်ခဲ့ပါသလား | ၃ |
| ၄ | မဲစာရင်းထုတ်ပြန်ခြင်း | ၇ |
| ၅ | မဲစာရင်းထပ်သော ကိန်းဂဏန်းများ | ၈ |
| ၆ | ကြိုတင်မဲများဖြင့် မဲမသမာမှု ပြုသလား | ၁၀ |
| ၇ | No vote များ၏ နေရာတွင် အစားထိုး၍ မဲထည့်လိုက်ကြသလား | ၁၂ |
| ၈ | ပျက်ကွက်ဖြစ်သွားသော မဲအရေအတွက် | ၁၃ |
| ၉ | နိုဝင်ဘာ ( ၈ ) ရက်နေ့တွင် မဲပေးကြခြင်း | ၁၆ |
| ၁၀ | နိဂုံး | ၁၈ |

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲရုံအတွေ့အကြုံနှင့် သုံးသပ်ချက်များ

# ( မဲရုံတာဝန်ကျ ဆရာ၊ ဆရာမများအဖွဲ့ )

## ၁။ နိဒါန်း

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်တွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ( ၈ ) ရက်နေ့၌ ပါတီစုံဒီမိုကရေစီ စနစ်၏ တတိယသက်တမ်းအတွက် အထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ တပ်မတော်ကလည်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က အတည်ပြုကြေငြာခဲ့သော မဲ အနိုင် အရှုံး ရလဒ်များအပေါ်တွင် ကန့်ကွက်ငြင်းပယ်ခြင်း မပြုဘဲ လက်ခံခဲ့ပြီးဖြစ်ပါသည်။

သို့သော် တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့သည် UEC က တရားဝင်ထုတ်ပြန်ထားသော မဲစာရင်းတွင် မဲစာရင်းထပ်နေခြင်းများသည် အကြိမ်မည်မျှရှိသည်၊ ထိုမဲစာရင်းထပ်သူတိုင်းသည် မဲအကြိမ်ကြိမ်ပေး၍ မဲမသမာမှု ပြုလုပ်ကြသည်၊ ကိုဗစ် – ၁၉ ကပ်ရောဂါကာလဖြစ်သောကြောင့် ကြိုတင်မဲပေးခွင့်ပြုသော အရေအတွက် များလာရခြင်းအပေါ်မှာလည်း ကြိုတင်မဲများနှင့် မဲမသမာမှုပြုလုပ်ကြသည်၊ မဲလာရောက်မပေးသော No vote များ၏ကိုယ်စားလည်း မဲပေးကြပြီး မဲမသမာမှု ပြုလုပ်ကြသည်ဟု ထင်မြင်ယူဆနိုင်ဖွယ်ရာဖြစ်လောက်အောင် ပြန်လည်စိစစ်ပုံဖော်ထားသော မဲစာရင်းထပ်သည့် Computer excel စာရင်းဇယားများကိုသာ အကြိမ် ( ၃၀ ) တိတိ သတင်းထုတ်ပြန်ခဲ့ပါသည်။ ထိုသို့ မဲမသမာမှုဖြစ်နိုင်ခြေရှိသည်ဟုဆိုသော စာရင်းဇယားများကိုပဲ အခြေခံ၍ နိုင်ငံသားအနည်းစု၏ခိုင်လုံမှုမရှိသော စွပ်စွဲချက်များ၊ အကြောင်းပြချက်များ အမြောက်အမြား ပေါ်ထွက်လာပြီးမဲစာရင်းအရှုပ်အထွေးသည် ဖြစ်စဉ်ကြီးတစ်ခုသဖွယ် ဖြစ်လာပါသည်။

## ၂။ ဖြေရှင်းစရာများမပါရှိသော တပ်မတော်၏ထုတ်ပြန်ချက်များ

မြန်မာနိုင်ငံ ရွေးကောက်ပွဲ သမိုင်းတွင် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူစာရင်းသည် အတိအကျမမှန်နိုင်ဟု အဆက်ဆက်သော ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌတိုင်းကလည်း ပြောကြားခဲ့ကြသည်ကို အများပြည်သူနှင့်တကွ နိုင်ငံတကာကပါသိရှိပြီးဖြစ်ပါသည်။ ဦးတင်အေး ကော်မရှင်ကဆိုလျှင် ၃၀ % လောက်သာလျှင် မဲစာရင်းသည်မှန်နိုင်ခြေရှိမည်ဟု သမိုင်းတွင်သော စကားတစ်ခွန်းပြောခဲ့ပါသည်။ ထို့ကြောင့်

တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့သည် ရွေးကောက်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ တကယ့်မြေပြင် ဖြစ်ရပ်များကို သိရှိနားလည်ခြင်း မရှိခဲ့သည်မှာ ပေါ်လွင်ထင်ရှားပါသည်။

ထို့ပြင် တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ အကြိမ်ကြိမ်ထုတ်ပြန်ချက်များတွင်လည်း မဲကို မည်သို့လိမ်ခဲ့သည်၊ မည်သို့ခိုးခဲ့သည် စသော ပြည့်စုံခိုင်မာသည့် ကျိုးကြောင်းဖော်ပြချက်များ ပါဝင်ခြင်းမရှိပါ။ ရုတ်တရက်ဆိုလျှင် မဲမသမာမှုများပဲဟု အများပြည်သူ၏စိတ်တွင် ခိုင်လုံမှုမရှိသော်လည်း သံသယပွားမှု ဖြစ်နိုင်လောက်အောင် စနစ်တကျ ပုံဖော်၊ ပုံဖျက်ထားသည့် စာရင်းဇယားဆိုင်ရာ အမြင်လှည့်စားမှုများသာ ဖြစ်နေပြီး မဲမသမာမှုပြုခဲ့ကြောင်း သက်သေအထောက်အထားများလည်း မပါရှိပါ။ ထုတ်ပြန်ချက်များအားလုံးကို လေ့လာကြည့်မိသလောက်ကလည်း မဲစာရင်းအရေအတွက်ပေါ်မှာသာ အခြေခံပြီး ယူဆချက်များနှင့် ကန့်ကွက်ထားပါသည်။ ( ကြိုတင် + မဲနေ့လာပေးသည်ဟု ) အတည်ပြုထားသော မဲအရေအတွက်အပေါ်မှာတော့ ခိုင်မာစွာ ငြင်းဆိုကန့်ကွက်ထားခြင်းမျိုး မတွေ့ရှိရပါ။

အကယ်၍ မဲမသမာမှုပြုခဲ့သည်၊ တရားမဲ့ ပြုကျင့်မှုများရှိခဲ့သည်ဟု ဆိုလျှင်လည်း ဥပဒေကြောင်းအရ ဖြေရှင်းနိုင်သည့် နည်းလမ်းတစ်ခုသည် အထင်အရှားရှိထားပြီး ဖြစ်ပါသည်။ ထိုမဲမသမာမှု ကိစ္စများကို ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း ရွေးကောက်ပွဲခုံအဖွဲ့များသို့ ကန့်ကွက်လွှာများ တင်သွင်းခြင်း ဖြစ်ပါသည်။ ထိုသို့ အထောက်အထားများ၊ ကျိုးကြောင်းဖော်ပြချက်များနှင့် တင်သွင်းလာသည့် ကန့်ကွက်လွှာအမှုပေါင်းသည် ( ၂၈၇ ) မှု ရှိသည်ဟုလည်း သိရှိရပါသည်။ မဲဆန္ဒရှင်များက တင်သွင်းလာသော ( ၉၄ ) မှုနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်သွင်းလာသော ( ၁၉၃ ) မှုတို့ ဖြစ်ပါသည်။ ရွေးကောက်ပွဲခုံအဖွဲ့အသီးသီးကလည်း ၎င်းအမှုများကို စစ်ဆေးကြားနာခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီလည်း ဖြစ်ပါသည်။

သို့ဖြစ်လျှင် အထောက်အထားများ၊ ကျိုးကြောင်းဖော်ပြချက်များ မပါဝင်ဘဲ စာရင်းဇယားဆိုင်ရာ စိတ်ကူးယူဆချက်သက်သက်နှင့်သာ ထုတ်ပြန်ထားသော တပ်မတော်၏ တင်ပြတောင်းဆိုမှုများသည် ဖြေရှင်းရန်မလိုသော၊ ဖြေရှင်းစရာမရှိသော အကြောင်းအရာများ ဖြစ်နေသည်မှာ ငြင်းစရာမရှိပါ။ အခြားတစ်ဖက်မှလည်း အထောက်အထားများနှင့် တင်ပြလာသော ကန့်ကွက်လွှာအမှုများကို ရွေးကောက်ပွဲ ကော်မရှင်က ဖြေရှင်းနေပြီလည်း ဖြစ်ပါသည်။ ဤသည်ကို မျက်ကွယ်ပြု၍ ရွေးကောက်ပွဲ ကော်မရှင်သည် ဖြေရှင်းဆောင်ရွက်ခြင်းမပြုဟု တပ်မတော်က အရေးပေါ်အခြေအနေ ကြေငြာနိုင်ရန်အတွက် တစ်ဖက်သတ် စွပ်စွဲနေသည်မှာ မေးခွန်းပါမလာသော ပုစ္ဆာတစ်ခုကို ဖြေဆိုမထားခြင်းကြောင့် စာမေးပွဲချလိုက်သည်ဆိုသလိုမျိုး ဖြစ်နေပါသည်။

အများပြည်သူအချို့နှင့် နိုင်ငံတကာမှ အချို့ကတော့ မဲစာရင်းများကို မဖြေရှင်းသောကြောင့် တပ်မတော်က အာဏာလွှဲယူမှု ဖြစ်ရသည်ဟု လွဲမှားစွာ ကောက်ချက်ချကြသည်ကိုလည်း ကြားသိနေရပါသည်။ ဤနေရာတွင် တစ်ခုရှင်းလင်းစွာ သိရမည်မှာ အထက်က ပြောခဲ့သလို ဖြေရှင်းရန်မလိုသော၊ ဖြေရှင်းရန်မရှိသော အကြောင်းအရာများကို တပ်မတော်က တင်ပြလာခြင်းကြောင့် ဖြေရှင်းဆောင်ရွက်မှု မပြုခဲ့ခြင်းသာ ဖြစ်ပါသည်။ အဆက်ဆက်သော ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်များသည်လည်း ကန့်ကွက်လွှာတင်သွင်းလာမှုများကိုသာ ဖြေရှင်းဆောင်ရွက်ခြင်း ပြုကြသော အစဉ်အလာရှိခဲ့ပါသည်။ သို့သော် ယခု ဦးလှသိန်း ကော်မရှင်သည် တစ်ဖက်ပါတီအဖွဲ့အစည်းများကို သဘောပေါက်နားလည်အောင် သံတမန်ဆန်သော အသုံးအနှုန်းများနှင့် ရှင်းလင်းတင်ပြခြင်းများ မရှိသလောက် အားနည်းသည်ကိုတော့ ဝန်ခံရပါလိမ့်မည်။ ဦးလှသိန်းကော်မရှင်၏ ရှင်းလင်း ထုတ်ပြန်ချက်များသည် ၎င်းကော်မရှင်၏ရပ်တည်ချက်ကို တစ်ဖက်ပါတီ အဖွဲ့အစည်းများအနေဖြင့် ဒွိဟဖြစ်စရာ၊ စဉ်းစားစရာများ ဖြစ်ပေါ်စေခဲ့သည်ဟုလည်း သုံးသပ်မိပါသည်။

အမှန်တကယ်မှာတော့ မဲစာရင်းမှားယွင်းခြင်းကြောင့် မဲမသမာမှု ဖြစ်နိုင်သည်ဟူသော ကြောင်းကျိုးဆီလျော်မှုမရှိသည့် အကြောင်းပြချက်ဖြင့် တပ်မတော်သည် နိုင်ငံသား အများစု၏ဆန္ဒကို မျက်ကွယ်ပြုကာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ( ၂၀၀၈ ခုနှစ် ) နှင့်သော်လည်းကောင်း၊ အခြားဥပဒေများနှင့်သော်လည်းကောင်း ညီညွတ်ခြင်းမရှိဘဲ အရေးပေါ်အခြေအနေကြေငြာ၍ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဟူသော အာဏာသုံးရပ်စလုံးကို လွှဲပြောင်းရယူခဲ့ခြင်း ဖြစ်ပါသည်။ အရေးပေါ်အခြေအနေ ကြေငြာရန် မလိုအပ်သေးသော အနေအထား ဖြစ်သည်၊ အပ်နှင့် ဆူးထွင်ရမည်ကို ပုဆိန်နှင့် ပေါက်ချလိုက်သလို ဖြစ်သည်ဟု သုံးသပ်မိပါသည်။

## ၃။ ယခင် မဲစာရင်းများသည်ရော မှန်ခဲ့ပါသလား

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ၂၀၁၀ ခုနှစ်၌ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၌ ဒုတိယအကြိမ်၊ ယခု ၂၀၂၀ ခုနှစ်၌ တတိယအကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါသည်။ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ မဟုတ်ဘဲ အခြားသော ရွေးကောက်ပွဲများ ( အခြေခံဥပဒေ ထောက်ခံပွဲများ ) တွင်လည်း ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူ စာရင်းသည် အမျိုးမျိုး အထွေထွေဖြစ်ပြီး တိကျမှန်ကန်မှုမရှိသည်ကို တွေ့ရပါသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် မဲစာရင်းများကို တပ်မတော်က စိစစ်လိုက်သကဲ့သို့ မည်သူကမှ စိစစ်လေ့လာမှု မရှိခဲ့ခြင်းကြောင့်သာ ယခင် ရွေးကောက်ပွဲများ၏ မဲစာရင်းထပ်မှု ကိန်းဂဏန်းများကို

တိကျစွာ မသိရှိကြခြင်း ဖြစ်ပါသည်။ သို့သော် မဲစာရင်းများထပ်နေခြင်း၊ ညသန်းခေါင်တွင်မှ မဲရုံများသို့ ကြိုတင်မဲပုံးများ ရုတ်တရက် ရောက်လာခြင်း၊ ယခင်ရွေးကောက်ပွဲများတုန်းက ရှာလုံးကျွတ် မဲပေးထားသော်လည်း ယခုရွေးကောက်ပွဲအတွက် အမှန်တကယ် ကွင်းဆင်းစစ်ဆေးသောအခါ တကယ့်မြေပြင်မှာ ၎င်းရွာသည် ရှိမနေခြင်း စသော သတင်းစကားများကို ကြားသိခဲ့ကြရပါသည်။

ယခုရွေးကောက်ပွဲ မဲစာရင်းသည် ယခင်မဲစာရင်းများကို အခြေခံရသည်ဖြစ်သောကြောင့် မဲစာရင်းထပ်မှုများသည် ယခင်ကလည်း ရှိနေခဲ့ပါမည်။ သို့သော် မလိုအပ်သော အချိန်တွင် တပ်မတော်သည် ဖော်ထုတ်တင်ပြခြင်း မပြုခဲ့သေးဘဲ၊ လိုအပ်လာသောအချိန်တွင်မှ ( ယခုရွေးကောက်ပွဲတွင်မှ ) မဲစာရင်းများထပ်နေ၍ မဲမသမာမှုများရှိသည်ဟု ဝုက်ဖဲသဖွယ် ဖော်ထုတ်တင်ပြလာသည့် အနေအထားရှိကြောင်းကိုလည်း သုံးသပ်မိပါသည်။

ရွေးကောက်ပွဲများ ကျင်းပနေတာသည် စာရင်းဇယားမခိုင်လုံ၊ မတိကျ၊ မမှန်ကန်သော မြန်မာနိုင်ငံမှာ ဖြစ်ပါသည်။ e-government ဖြစ်သော အနောက်တိုင်းနိုင်ငံများ မဟုတ်ပါ။ မွေးဖွားခြင်း၊ သေဆုံးခြင်းရှိသော လူဦးရေစာရင်းကို မပြောပါနှင့်။ မရွေ့မပြောင်းနိုင် တည်မြဲသော စိုက်ကေ အရေအတွက်မှာပင် ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်ကြီး၌ တစ်နှစ်နှင့်တစ်နှစ်၊ တစ်ဌာနနှင့် တစ်ဌာန မတူညီကြဘဲ လိုတိုး၊ ပိုလျှော့ ထင်သလို စာရင်းဇယား ပြုစုနေကြသည်ကို လေ့လာစုံစမ်း သိရှိစေချင်ပါသည်။

မဲစာရင်းအတိအကျ မှန်ကန်ဖို့ဆိုသည်မှာ e-government မဟုတ်သော မြန်မာနိုင်ငံ၌ တကယ့်မြေပြင်မှာ ကွင်းဆင်းစစ်ဆေးချိန်တွင် မလွယ်ကူလှပါ ။ အဘယ်ကြောင့်ဆိုသော် မဲစာရင်းတွင် ( ၁ ) အခြားအရပ်ဒေသသို့ ပြောင်းရွှေ့နေထိုင်သူများ၊ အလုပ်လုပ်ကိုင်သူများ ( ၂ ) အခြားအရပ်ဒေသမှ ဝင်ရောက်နေထိုင်သူများ၊ အလုပ်လုပ်ကိုင်သူများ ( ၃ ) ပြည်တော်ဝင်များ ( ၄ ) သေဆုံးသူများ ( ၅ ) အသက်မပြည့်သူများ ( ၆ ) အသက်ပြည့်ပြီး မပါ ဝင်သူများ ( ၇ ) နိုင်ငံရပ်ခြားရောက် မြန်မာများ စသည်ဖြင့် မှန်ကန်တိကျရန် ခက်ခဲလှပါသည်။ ထို့ကြောင့်လည်း မဲစာရင်းများကို ပြုစုပြီးနောက် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်နိုင်ရန်အတွက် သုံးကြိမ်သုံးခါတိုင်တိုင် မဲစာရင်းထုတ်ပြန်ရပါသည်။

သို့သော်လည်း ထိုမဲစာရင်းသည် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အမှန်တကယ်နေထိုင်သူ လူဦးရေစာရင်း ဖြစ်ဖို့မလွယ်ပါ။

( ၁ ) အခြားရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြောင်းရွှေ့သွားသော်လည်း မူလရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်မှာလည်း ပါရှိနေနိုင်သလို ပြောင်းရွှေ့သွားသော ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး၊

ပြည်နယ်တွင်လည်း ပါရှိနေနိုင်ပါသည်။ မြို့တစ်မြို့တွင်သာ ရရှိနိုင်သော အခွင့်အရေး တစ်စုံတစ်ရာကြောင့်၊ အလုပ်အကိုင် အခွင့်အလမ်းကြောင့်လည်း ထိုမြို့ရှိ အိမ်ထောင်စု ဇယားများတွင် အမှန်တကယ် မနေထိုင်ဘဲ ပိုလျှံနေသော လူဦးရေများ အမြောက်အမြား ရှိနေတတ်သည်ကို အများပြည်သူက သိရှိကြပြီး ဖြစ်ပါသည်။ သက်ဆိုင်ရာ၊ နီးစပ်ရာများနှင့်ပေါင်း၍ လိုသလိုပင် လူဦးရေကို အိမ်ထောင်စုဇယားတွင် အလွယ်တကူ တိုးလိုက်ကြသည်သာ ဖြစ်ပါသည်။

ဤသို့သော အချက်အလက်များနှင့် မဲစာရင်းများကို အကြိမ်များစွာထပ်နေအောင် စစ်ဘက် အရာရှိဟောင်း အများစု လွှမ်းမိုးထားသော ရွေးကောက်ပွဲ ကော်မရှင်အဆင့်ဆင့်သည် ပြုလုပ်ထားနိုင်သည်ဟုဆိုသော လေ့လာသုံးသပ်သူများ၏ ပြောဆိုချက်များလည်း ရှိပါသည်။ အမှန်တကယ်မှာတော့ ရိုးသားစွာ မှားယွင်းသည်ပဲ ဖြစ်စေ၊ ရည်ရွယ်ချက်ရှိစွာ မှားယွင်းသည်ပဲ ဖြစ်စေ နိုင်ငံသားတိုင်း တစ်ဦးချင်းစီသည် သူ၏ ကိုယ်ပိုင် Code number မရှိမချင်း ယခုလိုအမှားမျိုးသည် နောင်တွင်လည်း ရှိနေဦးမှာပဲ ဖြစ်ပါသည်။

အစိုးရအဆက်ဆက်ကလည်း ရွေးကောက်ပွဲ ကော်မရှင်အဆင့်ဆင့်သည် ( အစိုးရက ရွေးချယ်ခန့်အပ်ထားသူများ ဖြစ်သော်လည်း ) လွတ်လပ်စွာ သီးခြားရပ်တည်သော အဖွဲ့အစည်းဖြစ်သည်၊ အစိုးရက ၎င်း၏လုပ်ပိုင်ခွင့်များကို အမိန့်ပေး လွှမ်းမိုးချုပ်ကိုင် ဝင်ရောက်စွက်ဖက်ခြင်း မပြုသင့်ဟူသော မူဝါဒကို ကျင့်သုံးခဲ့ကြသည်သာ ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အစိုးရသည်လည်း ဤမူဝါဒကိုပင် လက်ခံကျင့်သုံးခဲ့မည်သာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ပါတီအသီးသီးသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်သော အခြေခံမဲစာရင်းကိုပဲ အတည်ပြုလက်ခံပြီး ရွေးကောက်ပွဲကို တရားမျှတစွာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်ကို အများပြည်သူရော၊ နိုင်ငံတကာကပါ တွေ့မြင်ခဲ့ရပြီး ဖြစ်ပါသည်။

မည်သို့ပင် မဲစာရင်းများထပ်နေပါစေ တစ်နေရာတွင် မဲပေးပြီးလျှင် နောက်တစ်နေရာ၌ ထပ်မံ လာရောက်မဲမပေးနိုင်တော့၍ ပျက်ကွက်ဖြစ်သွားသည်ကို နားလည်လက်ခံရန်လည်း လိုအပ်ပါသည်။ ထိုပျက်ကွက်ကိန်းဂဏန်းသည်ပင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ပြောနေသော မဲမသမာမှုဟု ခေါင်းစဉ်တပ်ထားသော မဲစာရင်းထပ်မှု ၁၀.၅ သန်းဖြစ်သွားပါသည်။ အမှန်တကယ် စိစစ်လိုက်သောအခါ ထိုကိန်းဂဏန်းမရှိဘဲ မဲစာရင်းထပ်နေတာသည် ၃ သန်းခန့်သာ ရှိသည်ကို အခြားတစ်နေရာတွင် အသေးစိတ် ရှင်းလင်းတင်ပြပါမည်။

( ၂ ) သေစာရင်း၊ ဖွားစာရင်းများကို တိုင်ကြားသော အလေ့အထနည်းသည့်အတွက် သေဆုံးသွားသူများလည်း ပါရှိနေနိုင်ပါသည်။ ရွေးကောက်ပွဲ ကျင်းပကာနီးမှ

သေဆုံးသွားတာမျိုးလည်း ရှိနိုင်ပါသည်။ သေစာရင်း၊ ဖွားစာရင်းများကို သက်ဆိုင်ရာဌာနများသို့ လေးလေးစားစား၊ မှတ်မှတ်ရရ အသိပေးပြောကြားသော ပုဂ္ဂိုလ်သည် မည်မျှလောက်သာ ရှိပါမည်နည်း။ ကျောင်းသို့ ကလေးလာအပ်ကာနီးမှ တွေ့ကရာကျန်းမာရေးဝန်ထမ်းကို ဖွားစာရင်းရေးခိုင်းပြီး ကျောင်းလာအပ်ကြသော မိဘများ အမြောက်အမြားကို ကျွန်ုပ်တို့ ဆရာ၊ ဆရာမများ တွေ့ကြုံခဲ့ကြပြီးပါပြီ။

( ၃ ) အသက် ၁၈ နှစ်မပြည့်သေးသောသူများ၊ ငယ်ရွယ်လွန်းသူများ၊ အသက် ၁၀၀ အထက် အရွယ်ကြီးလွန်းသူများ သည်လည်း Computer typing error ကြောင့် ပါရှိနေနိုင်ပါသည်။ မဲစာရင်းမှာတော့ ၁၉၉၁ ဖွားသူသည် ၁၉၁၉ ဖြစ်နေလိမ့်မည်။ သို့သော် နိုင်ငံသားစိစစ်ရေးကတ်လည်းမှန်သည်၊ လူလည်း မှန်သည်ဆိုလျှင် မဲပေးခွင့်ပြုခဲ့ပါသည်။ ဤသည်ကိုပင် ၂၀၂၀ – ၁၉၁၉ = ၁၀၁ နှစ်ရှိသူများသည် မဲလာပေးကြသလားဟု မြေပြင်ကို ဆင်းမကြည့်ဘဲ စာရင်းဇယားပေါ်မှာသာလျှင် ကောက်ချက်ဆွဲ မေးခွန်းများထုတ်နေကြခြင်း ဖြစ်ပါသည်။ တစ်ချို့ကတော့ အမှားအယွင်းဖြစ်သည်မဟုတ်ဘဲ လက်ရှိမြေပြင်တွင် အသက် ( ၁၀၀ ) ကျော်၍ သက်ရှိထင်ရှားရှိနေပြီး ကြိုတင်မဲပေးခဲ့ကြသူများ ဖြစ်ပါသည်။

၂၀၀၁ မွေးသူသည်လည်း မဲစာရင်းတွင် ၂၀၁၁ မွေးသည်ဟု ဖြစ်နေတတ်ပါသည်။ တကယ့်မြေပြင်တွင် ၂၀၂၀ – ၂၀၁၁ = ၉ နှစ်သားအရွယ် ကလေးက မဲလာပေးသွားခြင်း မဟုတ်ပါ။ ၂၀၂၀ – ၂၀၀၁ = ၁၉ နှစ်သား အရွယ် လူငယ်က မဲလာပေးသွားခြင်း ဖြစ်ပါသည်။

အသက်ငယ်လွန်းသူ၊ အသက်မပြည့်သူများ စာရင်းမှားပြီး အမှန်တကယ်ပါလာခဲ့လျှင်လည်း မှားယွင်းစွာ မဲပေးမှုများ လျော့နည်းအောင် အသက်အရွယ်ကို ခန့်မှန်းနိုင်စွမ်းသော အခြေခံပညာမှ ဆရာ၊ ဆရာမများကို မဲရုံမှူးခန့်ထားခြင်း ဖြစ်ပါသည်။ ထိုဆရာ၊ ဆရာမများက မသမာမှုပြုရအောင်ကလည်း အများပြည်သူရှေ့မှောက်၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ သတင်းမီဒီယာများ၏ ရှေ့မှောက်တွင် ကျင်းပသော ရွေးကောက်ပွဲတစ်ခု ဖြစ်ပါသည်။ မဲစာရင်းမှာပါနေလျှင်တောင်မှ အထောက်အထားမပြနိုင်၍ ငြင်းပယ်လိုက်သောကြောင့် ပျက်ကွက်ဖြစ်သွားမှာပဲ ဖြစ်ပါသည်။

( ၄ ) မြန်မာနိုင်ငံတွင် လူနှစ်ဦးသည် အမှန်တကယ်ရှိနေသော်လည်း နိုင်ငံသား စိစစ်ရေးကတ်အမှတ်တွင်တော့ တစ်ခုတည်း တူညီနေသော ဖြစ်စဉ်များ၊ လူကတစ်ဦးတည်းဖြစ်နေသော်လည်း နိုင်ငံသားစိစစ်ရေးကတ် အမှတ်တွင်တော့ နှစ်ခု သုံးခု လက်ဝယ်ရရှိပိုင်ဆိုင်ထားသော ဖြစ်စဉ်များ၊ မိဘဘိုးဘေးစဉ်ဆက် ဤရပ်ဤရွာတွင် နေထိုင်လာခဲ့ကြသော်လည်း နိုင်ငံသားစိစစ်ရေးကတ်ရရှိမထားကြသော ဖြစ်စဉ်များ

အမြောက်အမြားရှိသည်ကို မျက်မြင်ကိုယ်တွေ့လည်း မြင်နေကြားနေကြရပါသည်။ ထိုဖြစ်စဉ် အမှုကိစ္စများကို လူဝင်မှုကြီးကြပ်ရေးရုံးများတွင် အလွယ်တကူပင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံ၌ အမှန်တကယ်နေထိုင်သူများသည် ဘာမှအကုန်မခံဘူးဆိုလျှင် နိုင်ငံသား စိစစ်ရေးကတ်တစ်ခုရရှိရန် ခက်ခဲသည်။ အကုန်ခံလိုက်ပြီဆိုလျှင်လည်း မြန်မာစကား၊ တိုင်းရင်းသား ဘာသာစကား ဘာကိုမှ မပြောတတ်သော လူမျိုးခြား တိုင်းတစ်ပါးသားတို့သည်လည်း နိုင်ငံသားစိစစ်ရေးကတ် လိုသလောက်ရရှိနေသည်များကို အများပြည်သူက သိထားကြပြီး ဖြစ်ပါသည်။ ရပ်သိရွာသိ အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားဖြစ်ကြောင်း အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်လျှင်တော့ မဲပေးခွင့် ရရှိသွားမှာပဲ ဖြစ်ပါသည်။ နိုင်ငံသားတစ်ဦး၏ မဲပေးခွင့် မဆုံးရှုံးစေရပါ။

ထို့ကြောင့် အခြေခံမဲစာရင်းရှိ လူဦးရေကို အတိအကျမှတ်ယူလို့မရပါ။ ကိုဗစ် - ၁၉ ကပ်ရောဂါ ကာလဖြစ်နေသောကြောင့်လည်း ၂၀၁၅ ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ကြည့်လျှင် မဲစာရင်းကပ်ထားမှုကို ပြည်သူလူထုမှ လာရောက်ကြည့်ရှု ပြင်ဆင်၊ ဖြည့်စွက်၊ ကန့်ကွက်ရန်လည်း အားနည်းခဲ့ပါသည်။ မြန်မာနိုင်ငံ၌ မဲစာရင်းမမှန်ခြင်းသည် အစဉ်အလာတစ်ခုလို ဖြစ်နေခဲ့ပြီး မဲမသမာမှုနှင့် တိုက်ရိုက်သက်ဆိုင်နိုင်ခြင်းမရှိဟု လေ့လာသုံးသပ်မိပါသည်။

## ၄။ မဲစာရင်းထုတ်ပြန်ခြင်း

မဲပေးပိုင်ခွင့်ရှိသူ အခြေခံလူဦးရေစာရင်းကို ပထမအကြိမ် ၂၅.၇.၂၀၂၀ မှ ၁၄.၈.၂၀၂၀ မှာ ထုတ်ပြန်ပါသည်။ အမည်စာရင်းမှာ မပါဝင်ပါက ပုံစံ ( ၃ ) ဖြင့် ဖြည့်သွင်းရန်၊ မပါသင့်သည့်ပုဂ္ဂိုလ် ( ကွယ်လွန်၊ အသက်မပြည့်၊ မဲစာရင်းထပ် )ပါဝင်နေပါက ပုံစံ ( ၄ ) ဖြင့် ကန့်ကွက်ရန်၊ အမည်ပါသော်လည်း ၎င်းကိုယ်တိုင်နှင့် ၎င်း၏မိဘဆိုင်ရာ အချက်အလက်များ မှားယွင်းပါက ပုံစံ ( ၄ – ၈ ) ဖြင့် ပြင်ဆင်ရန် လျှောက်ထားခွင့်ပြုခဲ့ပါသည်။

လိုအပ်ချက်၊ မှားယွင်းချက်များကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ပြီး ဒုတိယအကြိမ် အခြေခံမဲစာရင်းကို ၁.၁၀.၂၀၂၀ မှ ၁၄.၁၀.၂၀၂၀ အထိ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင်ရုံးများတွင် ကပ်ထား ကြေငြာခဲ့ပြီး ထပ်မံ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်မှုများကို မဲဆန္ဒရှင်ပြည်သူများ၏ ထောက်ပြမှုဖြင့် ပြုလုပ်ခဲ့ပါသည်။ ယခင်က ကျန်ခဲ့သူများ၊ အသက်ပြည့်ပြီး မပါဝင်သူများ၊ အသစ်ပြောင်းလာ နေထိုင်ကြသော မိသားစုဝင်အသစ်များဖြင့် ဖြည့်သွင်းခြင်း၊ သေဆုံးသူများနှင့် ပြောင်းရွှေ့သွားကြသူများကို ပယ်ဖျက်ခြင်း စသည်ဖြင့် ပထမမဲစာရင်းရှိ လူဦးရေနှင့် မတူဘဲ ပြောင်းလဲလာပါသည်။

တတိယအကြိမ် အခြေခံမဲစာရင်းအရ နိုင်ငံတွင်းရှိပြည်သူများ၊ နိုင်ငံရပ်ခြားရောက် မြန်မာပြည်သူများ၊ ပြည်တော်ပြန်ဝင် နိုင်ငံခြားပြန်များ၊ တပ်မတော်သားများအပါအဝင် ၃၈ သန်းကျော် ( ၃၈၂၇၁၄၄၇ )သည် ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည်။ ဤနောက်ဆုံးမဲစာရင်းတွင်ပါ မပါရှိဘဲ မဲပေးပိုင်ခွင့် ဆုံးရှုံးခဲ့ကြသူ အများအပြားကျန်ရှိနေခဲ့သည်ကိုလည်း မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြပါသည်။ အချို့သော ကျေးရွာ၊ ရပ်ကွက်များတွင် အိမ်ထောင်စုတစ်ခုလုံးအလိုက် မဲစာရင်းတွင် မပါဝင်ဘဲ ကျန်ရှိခဲ့ကြပါသည်။ တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့ကဲ့သို့ မဲစာရင်းထပ်နေသည်များကို စိစစ်ဖို့ မပြောပါနှင့်။ မိမိ၏အမည်သည် မဲစာရင်းတွင် ပါဝင်ခြင်း ရှိ၊ မရှိကိုပင်လျှင် မဲဆန္ဒရှင်များက စစ်ဆေးရန် ပျက်ကွက်ခဲ့ကြပါသည်။ နိုင်ငံသားတစ်ဦးအနေနှင့် မဲပေးနိုင်အောင် မဲစာရင်းမှာ ပါရှိဖို့တောင်းဆိုနိုင်ရေးသည် မဲဆန္ဒရှင်ပြည်သူ၏ အခွင့်အရေးသာ ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ ထိုအခြေခံမဲပေးပိုင်ခွင့်ရှိသူ လူဦးရေစာရင်းကိုသာ အသုံးပြု၍ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ( ၈ ) ရက် ရွေးကောက်ပွဲကို ကျင်းပခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနမှ ဆရာ၊ ဆရာမအများစု ( အခြားဌာနများမှ ဝန်ထမ်းအနည်းငယ် ) သည် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် တာဝန်များကို ထမ်းဆောင်ခဲ့ကြပါသည်။

## ၅။ မဲစာရင်းထပ်သော ကိန်းဂဏန်းများ

မဲစာရင်းကိစ္စနှင့် ပတ်သက်၍ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ပြောနေသော မဲမသမာမှု ဖြစ်နိုင်သည့် ၁၀.၅ သန်းခန့် ဆိုတာကို ဤမျှလောက်ထိ မဲမသမာမှု ဖြစ်နိုင်သလား၊ ဤကိန်းဂဏန်းသည် ဘယ်ကနေလာသလဲစသော မေးခွန်းများကို ကိုယ်တိုင်မဲရုံတာဝန် ထမ်းဆောင်ခဲ့ရသော ကျွန်ုပ်တို့ ဆရာ၊ ဆရာမများအနေနှင့် သိရှိထားရန် လိုအပ်သောကြောင့် လေ့လာကြည့်မိပါသည်။

တပ်မတော် သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ အကြိမ် ( ၃၀ ) မြောက်ထုတ်ပြန်ချက်တွင် ဤကိန်းဂဏန်းများကို တွေ့ရှိရပါသည်။ ရွေးကောက်ပွဲ မကျင်းပနိုင်တာသည် ၁၅ မြို့နယ်ရှိသည်။ ကျင်းပပြီးသော ၃၁၅ မြို့နယ်ကို တပ်မတော်က စိစစ်ထားသည်ဟု ဆိုပါသည်။

( ၁ ) တစ်မြို့နယ်တည်းမှာ ထပ်နေတာသည် ၂၉၄၆၅၃၂

( ၂ ) မြို့နယ်တစ်ခုနှင့် အခြားမြို့နယ်တစ်ခုမှာ ထပ်နေတာသည် ၁၀၇၀၁၀၀

( ၃ ) တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုနှင့် အခြား တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုမှာ ထပ်နေတာသည် ၁၇၈၆၃၀၂

( ၄ )  အသက်မပြည့်ဘဲ ပါဝင်နေတာသည် ၁၁၉၄၃

( ၅ )  နိုင်ငံသား စိစစ်ရေးကတ်မရှိတာသည် ၄၆၄၈၂၇၀

( ၆ )  အသက် ၁၀၀ ကျော်လွန်ပြီး ပါဝင်နေတာသည် ၁၈၃၅၆

( ၇ )  အခြားနည်း ( သေဆုံး )တာသည် ၆၁၃ ဟူ၍ အမျိုးအစားခွဲခြား ဖော်ပြပါသည်။ ၎င်းတို့ကို ပေါင်းလိုက်လျှင် ၁၀၄၈၂၁၁၆ ဖြစ်၍ ၁၀.၅ သန်းဟု ပြောနေခြင်း ဖြစ်ပါသည်။ မဲစာရင်း ထပ်နေခြင်းများကို မဲမသမာမှုဖြစ်နိုင်ခြင်းဟု ပြောဆိုသုံးနှုန်းသွားခြင်း ဖြစ်ပါသည်။

ဤကိန်းဂဏန်း စိစစ်မှုများတွင် ပြောစရာတစ်ခု ရှိသည်မှာ ဦးမြအောင်သည် ရပ်ကွက်ကြီး ( ၁ ) မှာလည်းပါသည်၊ ရပ်ကွက်ကြီး ( ၂ ) မှာလည်း ပါသည်၊ နှစ်ကြိမ်ထပ်သည်ဟုဆိုလျှင် အမှန်တကယ် ဦးမြအောင်ကတော့ တစ်ကြိမ်ပါနေပါမည်။ ၎င်းအချက်ကိုတော့ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က ခွဲခြားဖော်ပြမထားဘဲ နှစ်ကြိမ်ထပ်သည်၊ သုံးကြိမ်ထပ်သည်ဟုသာ ဖော်ပြပြီး ပေါင်းသွားခဲ့တာ ဖြစ်ပါသည်။ ထို့ကြောင့် အမှတ်စဉ် ၁၊ ၂၊ ၃ ရှိ ကိန်းဂဏန်းများတွင် အမှန်တကယ်တစ်ဦးကတော့ ပါနေ၍ ၎င်းကိန်းဂဏန်းများ၏ တစ်ဝက်ကိုသာ ပိုသွားသောလူဦးရေဟု အမှန်ယူရပါမည်။

အမှတ်စဉ် ( ၄ နှင့် ၆ ) ရှိ အသက်မပြည့်သူ၊ အသက် ၁၀၀ ကျော်နေသူ ဆိုခြင်းများသည် Typing error သာလျှင် ဖြစ်ပါလိမ့်မည်။ ၁၉၉၁ မွေးသူသည် ၁၉၁၉ဖြစ်နေမည်၊ ၂၀၀၁ မွေးသူသည် ၂၀၁၁ ဖြစ်နေမည်ဟု အထက်တစ်နေရာမှာ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။ အမှန်တကယ် အသက် ( ၁၀၀ ) ကျော်ပြီး သက်ရှိထင်ရှားရှိ၍ ကြို့တင်မဲ ပေးခဲ့ကြသူများလည်းရှိ၍ ၎င်းကိန်းဂဏန်းကို မဲစာရင်းထပ်သည်၊ ပိုသည်ဟု တစ်ထစ်ချ မပြောနိုင်ပါ။

အမှတ်စဉ် ( ၅ ) ရှိ နိုင်ငံသား စိစစ်ရေးကတ်မရှိသူများကိုလည်း ပိုသွားသော မဲစာရင်းလူဦးရေထဲတွင် ထည့်တွက်၍ မရနိုင်ပါ။ တစ်နည်းနည်းနှင့် မဲပေးပိုင်ခွင့် ရှိနေနိုင်သည်ကို အထက်တစ်နေရာမှာ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။

အမှတ်စဉ် ( ၇ ) ရှိ အခြားနည်းဆိုသူများသည် မဲပေးကာနီးမှ သေဆုံးသွားတာမျိုး ရှိနိုင်ပါသည်။ မဲစာရင်းတွင် ပါဝင်နေသော်လည်း ရပ်သိရွာသိ သေဆုံးပြီးကြသူများဖြစ်သောကြောင့် အခြားတစ်ဦး အစားထိုးမဲလာပေးခြင်းမျိုးကလည်း ဖြစ်နိုင်ခြေ အလွန်နည်းပါသည်။ ကိန်းဂဏန်းသည်လည်း ၆၁၃ သာလျှင် ရှိပါသည်။

ပြန်၍ချုပ်ကြည့်လိုက်လျှင် အမှတ်စဉ် ၁၊ ၂၊ ၃ ရှိ ကိန်းဂဏန်းများကိုသာ တစ်ဝက်ယူပြီး ထပ်သောမဲစာရင်း မဟုတ်ဘဲ ပိုသွားသောမဲစာရင်း လူဦးရေဟု ရေတွက်ပါမည်။ ၂ ခု ထပ်နေသည်ဟု ဆိုလျှင် ၁ ခုက ပိုသွားတာပဲ ဖြစ်ပါသည်။

( ၁ )  တစ်မြို့နယ်တည်းမှာ ပိုသွားတာသည် ၂၉၄၆၅၃၂ ကို ၂ နှင့်စားရင် ၁၄၇၃၂၆၆

( ၂ )  တစ်မြို့နယ်နှင့် အခြားမြို့နယ်မှာ ပိုသွားတာသည် ၁၀၇၀၁၀၀ ကို ၂ နှင့် စားလျှင် ၅၃၅၀၅၀

( ၃ )  ပြည်နယ်၊ တိုင်းဒေသကြီးများမှာ ပိုသွားတာသည် ၁၇၈၆၃၀၂ ကို ၂ နှင့်စားလျှင် ၈၉၃၁၅၁

ထိုသုံးမျိုးကို ပေါင်းလိုက်လျှင် ၂၉၀၁၄၆၇ ရပါသည်။ အမှတ်စဉ် ( ၇ ) ရှိ ရုတ်တရက် သေဆုံးသွား၍ ပိုသွားသော ၆၁၃ ဦးနှင့် ပေါင်းလိုက်ပါမှ ၂၉၀၂၀၈၀ ရပါသည်။ အမှန်တကယ်ရှိသော လူဦးရေထက် မဲစာရင်းမှာ ပိုသွားသော လူဦးရေသည် ၂.၉ သန်း ( ၃ သန်းခန့် ) သာလျှင် ဖြစ်ပါသည်။ ကျန်သော အမှတ်စဉ် ၄၊ ၅၊ ၆ ရှိ ကိန်းဂဏန်းများသည် တစ်ထစ်ချ အမှန်ယူ၍မရနိုင်ဟု တင်ပြခဲ့ပြီး ဖြစ်ပါသည်။

စုစုပေါင်းဆန္ဒမဲပေးပိုင်ခွင့် ရှိသူဦးရေ ၃၈ သန်းကျော်တွင် မဲစာရင်းလွဲချော်မှုသည် ၃ သန်းခန့်သာ ရှိသည်ဆိုလျှင်တော့ ဦးတင်အေးကော်မရှင်က ၃၀% သာလျှင် မဲစာရင်းမှန်နိုင်မည်ဟု ဝန်ခံပြောကြားသွားသည်ထက် မဲစာရင်း အခြေအနေသည် များစွာ သာလွန်ကောင်းမွန် တိုးတက်လာသည်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံအနေအထားနှင့်ဆိုလျှင် လက်ခံနိုင်ဖွယ်ရာ ဖြစ်သော မဲစာရင်းဖောင်းပွမှုသာ ဖြစ်ပါသည်။ သို့ဖြစ်လျှင် ၂၀၂၀ ရွေးကောက်ပွဲ မဲစာရင်းသည် ယခင် ၂၀၁၀ နှင့် ၂၀၁၅ ရွေးကောက်ပွဲ မဲစာရင်းများကို အခြေခံပြီး ဆန္ဒမဲပေးပိုင်ခွင့် ရှိသူဦးရေကို ပို၍တိကျမှန်ကန်အောင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ထားသည်မှာ လွန်စွာထင်ရှားပါသည်။ ရာနှုန်းပြည့် မှန်ကန်ဖို့ဆိုသည်ကတော့ တင်ပြခဲ့ပြီးသော လက်ရှိအနေအထားများအရ မည်သို့မျှ မဖြစ်နိုင်ပါ။

## ၆။ ကြိုတင်မဲများဖြင့် မဲမသမာမှု ပြုသလား

၂၀၂၀ ရွေးကောက်ပွဲတွင် ကြိုတင်မဲများနှင့် မဲမသမာမှုပြုလုပ်သည်ဟု စွပ်စွဲနေကြပါသည်။ ပြည်သူ့လွှတ်တော်မဲပေါင်း ၂၇၅၁၂၈၅၅ ( ၂၇.၅ သန်းကျော် )တွင် ကြိုတင်မဲအရေအတွက်သည် ၅၈၈၄၄၂၀ ( ၆ သန်းခန့်သာ ) ပါရှိပါသည်။

ထိုကြိုတင်မဲပေးထားသူများအားလုံးသည် မဲမသမာမှုပြုလုပ်ကြရန် အခြားတစ်မြို့တစ်ရွာတွင် နိုဝင်ဘာ ( ၈ ) ရက်နေ့၌ ကိုယ်တိုင် သွားရောက်မဲပေးကြမည်ဟု စွပ်စွဲသူများက ယူဆထားကြဟန်တူပါသည်။ ကြိုတင်မဲသည် လူတိုင်းပေးခွင့်မရှိပါ။ ကြိုတင်မဲပေးကြသူ အများစုသည် မဲရုံတာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းအများစုဖြစ်သည်။ တာဝန်ချိန်တွင် မည်သည့်နေရာကို၊ မည်သို့သွား၍ ပေးနိုင်ပါမည်နည်း။ ထို့ပြင် ကြိုတင်မဲသည် ကိုဗစ် – ၁၉ ကပ်ရောဂါကာလဖြစ်သောကြောင့် အရေအတွက်များလာသည်မှာ မှန်သော်လည်း

တစ်ရွာလုံး၊ တစ်မြို့လုံးက သိနှင့်နေကြပြီးဖြစ်သော သက်ကြီးရွယ်အိုများ၊ မသန်စွမ်းပုဂ္ဂိုလ်များသာ ဖြစ်ကြပါသည်။ ကြိုတင်မဲပေးပြီးလျှင်လည်း မဲစာရင်းတွင် မျဉ်းသားမှတ်သားထားပြီး ဖြစ်ပါသည်။ အရေအတွက်ကိုလည်း မဲရုံမှူး၏ တွေ့ရှိချက်မှတ်စုတွင် မှတ်သားထားရပါသည်။ မဲရုံကိုယ်စားလှယ်များသည်လည်း နေ့စဉ်ကြိုတင်မဲပေးမှု အရေအတွက်ကို မှတ်သားပြီး သူနှင့်သက်ဆိုင်ရာ ပါတီများသို့ တင်ပြနေမှုများကိုလည်း တွေ့မြင်ခဲ့ကြရပါသည်။

လျှို့ဝှက်မထင်မရှား ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများသည် ရွေးကောက်ပွဲဥပဒေတွင် မပါရှိသည့်အတွက် ကိန်းဂဏန်းစိစစ်မှုများအရ ပါဝင်နိုင်ခြေရှိမှုကိုထားကြည့်လိုက်လျှင်လည်း အမှန်တကယ် မသမာမှု ပြုလုပ်ချင်သူသည် တစ်သောင်းမှာမှ တစ်ယောက် အရေအတွက်လောက်သာ တစ်နိုင်ငံလုံးတွင် မဟုတ်ဘဲ ထူးခြားနေရာများ ( ကြိုတင်မဲ ပေးပိုင်ခွင့်ရှိသူလည်း ဖြစ်ရမည်၊ မဲစာရင်းထပ်နေသောသူလည်း ဖြစ်ရမည် ) တွင် ရှိနိုင်ပါသည်။ ကြိုတင်မဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း၏ ၀.၀၁ ရာခိုင်နှုန်း ( အများဆုံး ၆၀၀ ဦးခန့် ) ဖြစ်ပါသည်။ ဤသည်မှာ လစ်လျူရှုနိုင်သော ကိန်းဂဏန်းမျှသာဖြစ်ပါသည်။ ထို့ကြောင့် ကြိုတင်မဲများနှင့် မဲမသမာမှု အမြောက်အမြား မပြုလုပ်နိုင်ဘဲ၊ အတည်ပြု ထုတ်ပြန်ပြီးဖြစ်သည့် ၂၇.၅ သန်းကျော်သော မဲများကို သံသယကင်းရှင်းစွာဖြင့် အသိအမှတ်ပြု၍ ရနိုင်ပါသည်။ ( ၎င်းအရေအတွက်သည် ပါတီတစ်ခုတည်းကိုပဲ ပေးခဲ့ကြသောမဲများ မဟုတ်ကြောင်းကိုလည်း သတိပြုမိစေချင်ပါသည်။ )

ဤသို့သောမဲမသမာမှုများ မဖြစ်ပွားနိုင်အောင်လည်း ပြစ်မှုအမျိုးအစားနှင့် ပြစ်ဒဏ်ပါရှိသော ရွေးကောက်ပွဲ ဥပဒေ ကောက်နုတ်ချက်များကို ရပ်ကွက်/ ကျေးရွာ ကော်မရှင်ရုံးများတွင် ကြေငြာစာကပ်ထားပါသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် ကြိုတင်မဲပေးခြင်းနှင့် ပတ်သက်၍ လိုရင်းမျှကိုသာ အနည်းငယ်ပြောပြပါမည်။ ကြိုတင်မဲပေးနိုင်ရန် ၂၉.၁၀.၂၀၂၀ မှ ၅.၁၁.၂၀၂၀ အထိ ( ၈ ) ရက်တာကောက်ယူရပါသည်။ ကြိုတင်မဲထည့်ခွင့်ရသူများသည်လည်း မူလမဲစာရင်းထဲကပင် ဖြစ်ပါသည်။ ကြိုတင်မဲသည် လူတိုင်းပေးခွင့်မရှိပါ။ ကြိုတင်မဲပေးခွင့်ရှိသူမှာ –

( ၁ ) အသက် ၆၀ နှင့် အထက် အသက်အရွယ်ကြီးရင့်သူများ

( ၂ ) အိပ်ယာထဲ လဲနေသူ နာတာရှည် ရောဂါရင့် လူမမာများ

( ၃ ) သွားလာရခက်ခဲသော မသန်စွမ်းသူများ

( ၄ ) Quarantine Centre မှ လူများ

( ၅ ) မဲရုံများ၌ တာဝန်ထမ်းဆောင်ရမည့် ပညာရေးဝန်ထမ်းများနှင့် အခြားသောဌာနမှ ဝန်ထမ်းများ ( အထူးသဖြင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်အချို့ နှင့် မိသားစုဝင်အချို့ )

( ၆ ) မိမိနေရပ်မပြန်နိုင်သူများ ( အဝေးရောက် အလုပ်လုပ်နေသူ၊ သံရုံးစသည် ) ဖြစ်ပါသည်။ ထိုသူများမှ လွဲ၍ အခြားမည်သူမျှ ကြိုတင်မဲပေးခွင့် မရှိပါ။ ကြိုတင်မဲ ပေးဖို့ တောင်းဆိုလာခြင်းကိုလည်း လက်မခံ၊ ခွင့်မပြုပါ ။

အထက်ပါ အမှတ်စဉ်များကို လေ့လာကြည့်လျှင် မဲရုံတာဝန်ထမ်းဆောင်ရမည့် ပညာရေးဝန်ထမ်းများမှအပ ကြိုတင်မဲပေးပိုင်ခွင့်ရှိသူအများစုသည် တပ်မတော် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် ၎င်းတို့၏မိသားစုဝင်များ ဖြစ်ပါသည်။

အမှတ်စဉ် ( ၁ ) မှ ( ၄ ) အထိ ကြိုတင်မဲပေးသူများအတွက်ကိုတော့ အိမ်တိုင်ယာရောက် သွားရောက်ပြီး ရွေးကောက်ပွဲ ကော်မရှင်၊ မဲရုံစောင့်ကြည့်သူ၊ ပါတီ ကိုယ်စားလှယ်များ ရှေ့မှောက်တွင် လျှို့ဝှက် ဆန္ဒမဲပေးခြင်းကို ပြုလုပ်ပေးပါသည်။ အမှတ်စဉ် ( ၅ ) နှင့် အမှတ်စဉ် ( ၆ ) ရှိ ကြိုတင်မဲပေးသူများကတော့ သက်ဆိုင်ရာ မိမိတို့၏ အမည်ရှိရာ ကျေးရွာ/ ရပ်ကွက် ကော်မရှင် မဲရုံများသို့ လာရောက်ကာ ကြိုတင်ဆန္ဒမဲပေးရပါသည်။ ထူးခြားချက်အနေဖြင့် တပ်မတော် တပ်ရင်းတပ်ဖွဲ့ အချို့၏ကြိုတင်မဲများကို တပ်ရင်းတပ်ဖွဲ့ရှိသော သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ ကော်မရှင်က အရေအတွက်နှင့် အမည်များကိုသာ သိရှိရပြီး ပြည်ပနှင့် အခြားမြို့မှ ကြိုတင်မဲများကဲ့သို့ပင် မြို့နယ်ကော်မရှင်သို့သာ တိုက်ရိုက်ဆက်သွယ် ပေးပို့ထားခြင်းမျိုး ဖြစ်ပါသည်။ မဲရုံသို့ လာပေးကြခြင်းများလည်း ရှိပါသည်။

ကြိုတင်မဲပေးထားသော လူဦးရေ အရေအတွက်ကို မူလမဲစာရင်းစာအုပ်နှင့် မဲရုံမှူး၏ တွေ့ရှိချက်မှတ်စုတွင် မှတ်သားထားရပါသည်။ ထို့ကြောင့် ကြိုတင်မဲပေးပြီးသူများသည် တကယ့်မဲပေးမည့် နိုဝင်ဘာလ ( ၈ ) ရက်နေ့တွင် မည်သည့် အထောက်အထားကိုပဲပြပြ၊ ထပ်မံမဲပေးနိုင်ရန် မဖြစ်နိုင်တော့ပါ။ ( ကျေးရွာ၊ ရပ်ကွက်ထဲတွင် လာရောက်ဝေငှထားသော မဲဆန္ဒရှင် သက်သေခံ လက်မှတ်များကိုတော့ စီမံခန့်ခွဲမှု လိုအပ်ချက်ကြောင့် ထပ်မံ ရရှိကောင်း ရရှိပါမည်။ ၎င်းလက်မှတ်သည် မဲပေးနိုင်သော ဆန္ဒမဲလက်မှတ် မဟုတ်ပါ။ နောက်တစ်နေရာတွင် အသေးစိတ် ရှင်းလင်းတင်ပြထားပါသည်။ ) လုံခြုံရေးစည်းချိတ်နှောင်ထားသော ကြိုတင်မဲပုံးကို ကျေးရွာ/ ရပ်ကွက် ကော်မရှင်ရုံးတွင် လုံခြုံစွာ စောင့်ရှောက်ထားရပါသည်။

နိုဝင်ဘာလ ( ၈ ) ရက်နေ့ ညနေ ( ၄ ) နာရီ မဲရုံပိတ်သိမ်းပြီးသွားချိန်တွင် ကြိုတင်မဲပုံးကို ယူကာ စောင့်ကြည့်သူ လူအများရှေ့မှောက်တွင် မဖွင့်ခင် ယခင်ကကြိုတင်မဲ ထုတ်ယူထားသော အရေအတွက်ကို ပြောပြကာ လုံခြုံရေးကြိုးကို စစ်ဆေးပြီး စာအိတ်/ မဲလက်မှတ် အရေအတွက် ကိုက်ညီမှု ရှိ၊ မရှိကို စစ်ဆေးရပါသည်။ ထိုကြိုတင်မဲစာရွက်များကိုလည်း စောင့်ကြည့်သူ

လူအများရှေ့မှောက်တွင် ခိုင်လုံထောက်ခံမဲ၊ ပယ်မဲ စသည်ဖြင့် စစ်ဆေးပြသကာ ရေတွက်ရပါသည်။ ဤသို့ဆိုလျှင် မည်သည့်နေရာ၊ မည်သည့်အချိန်တွင်၊ မည်သို့သောပုံစံမျိုးနှင့် မဲမသမာမှုပြုသည်ဟု စွပ်စွဲနိုင်အောင် အငြင်းပွားစရာများ၊ စည်းကမ်းမဲ့မှုများကို မဲရုံတာဝန်ကျ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများသည် ပြုလုပ်ဆောင်ရွက်ခဲ့ကြပါသလဲ။ အကယ်၍ ပြုလုပ်ဆောင်ရွက်ခဲ့ကြလျှင်လည်း သက်သေအထောက်အထားများနှင့် ရွေးကောက်ပွဲခုံရုံးများသို့ ကန့်ကွက်လွှာတင်သွင်း၍ ဥပဒေကြောင်းအရ ဖြေရှင်းနိုင်ကြသည်သာ ဖြစ်ပါသည်။ ရဲအရေးပိုင်သောအမှုဖြစ်လျှင်လည်း အမှုဖွင့် အရေးယူနိုင်ကြသည်သာ ဖြစ်ပါသည်။

## ၇။ No vote များ၏ နေရာတွင် အစားထိုး၍ မဲထည့်လိုက်ကြသလား

၂၀၂၀ ရွေးကောက်ပွဲတွင် မဲလာရောက်မပေးသော No vote များ၏ နေရာတွင် လူစားထိုး၍ မဲပေးထားကြသည်ဟုလည်း စွပ်စွဲကြပါသည်။ ဤသည်မှာလည်း စိတ်ကူးယဉ်ဆန်လွန်းသော တွေးဆချက်တစ်ခုမျှသာ ဖြစ်ပါသည်။

မဲရုံမပိတ်မီ ညနေ ( ၄ ) နာရီအချိန်ထိ မည်သူသည် မဲလာရောက်မပေးဘဲ နေမည်ကို မည်သူမှ တိကျစွာ မသိရှိပါ။ ရွေးကောက်ပွဲ လေ့လာသူများ၏ အဆိုအရ တပ်မတော်၏ သဘောထား ထုတ်ပြန်ချက်များကို မနှစ်သက်ကြသောကြောင့် မူလက မဲမပေးလိုသူများ၊ ကြားနေရန် ရည်ရွယ်ထားကြသူများကပါ ထင်မှတ်မထားလောက်အောင် မဲလာရောက်ပေးခဲ့ကြသည်ဟု သိရှိရပါသည်။ ကိုဗစ် – ၁၉ ကပ်ရောဂါကာလ အချိန်မှာပင် မဲရုံမဖွင့်မီ နံနက်မလင်းခင်ကတည်းက လူအုပ်ကြီးသည် မဲပေးရန် စောင့်ဆိုင်းနေကြသည်ကို ကျွန်ုပ်တို့ကဲ့သို့ မဲရုံတာဝန်ထမ်းဆောင်ခဲ့ကြသူများက မျက်မြင်ကိုယ်တွေ့ ဖြစ်ပါသည်။

နိုဝင်ဘာလ ( ၈ ) ရက် မဲပေးသောနေ့တွင် မဲရုံတာဝန်ကျ ဝန်ထမ်းများသည် မဲမသမာမှု မပြုနိုင်လောက်အောင်ပင် အများပြည်သူရှေ့မှောက်၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ သတင်းမီဒီယာများ၏ ရှေ့မှောက်တွင် လွန်စွာ အလုပ်များနေခဲ့ကြတာလည်း ဖြစ်ပါသည်။ ဆန္ဒမဲလက်မှတ် ရရှိရန်အတွက်သည်လည်း မဲရုံအဖွဲ့ဝင်များထံတွင် အသင့်ရှိပြီးဖြစ်သော မဲစာရင်းတွင် ပါ မပါ ၊ အမည် အဘအမည် အသက် မွေးသက္ကရာဇ် နေရပ်လိပ်စာ စသည်ဖြင့် စစ်ဆေးခံရပါသည်။ ယခင်ဆန္ဒမဲလက်မှတ်များကဲ့သို့ တွေ့ကရာဘောပင်နှင့် ရုတ်တရက် ကောက်ခြစ်၍ မဲပေးလို့ရသည်မျိုးလည်း မဟုတ်ပါ။ မဲပေးသော အခန်း၌သာ ထားရှိသည့် UEC အမှတ်အသားပါသော တံဆိပ်တုံး ထုရဦးမှာ ဖြစ်ပါသည်။ အလွယ်တကူနှင့် လူစားထိုး၍ မဲပေးနိုင်ရန် မဖြစ်နိုင်ပါ။

ထို့ကြောင့် UEC က အတည်ပြု ကြေငြာထားရှိသော ပြည်သူ့လွှတ်တော်မဲ အရေအတွက် ၂၇၅၁၂၈၅၅ မဲသည် ကော်မရှင်အဖွဲ့အသီးသီး၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း ကြိုတင်မဲနှင့် မဲရုံကိုလာပေးသော မဲများအဖြစ် အဆင့်ဆင့် ဆောင်ရွက်ထားရှိသည်များဖြစ်ခြင်းကြောင့် မဲစာရင်းများ ထပ်နေသည်မှာ မှန်သော်လည်း မဲမသမာမှု အမြောက်အမြား မရှိနိုင်သည်မှာ ထင်ရှားနေပါသည်။ ( အမျိုးသားလွှတ်တော်မဲ အရေအတွက်သည် ၂၇၄၉၅၅၅ မဲသာလျှင်ရှိ၍ အများဆုံးဖြစ်သော ပြည်သူ့လွှတ်တော်မဲ ၂၇၅၁၂၈၅၅ အရေအတွက်ကို မူတည်ထား၍ လေ့လာသုံးသပ်ခြင်း ဖြစ်ပါသည်။ )

## ၈။ ပျက်ကွက်ဖြစ်သွားသော မဲအရေအတွက်

၂၀၂၀ ရွေးကောက်ပွဲတွင် တစ်ဖက်ပါတီအဖွဲ့အစည်းများက ပေးသောဥပမာတစ်ခုမှာ အမှန်တကယ်ရှိသော လူဦးရေသည် ၃၀ ဖြစ်ပြီး၊ မဲလာရောက်ပေးသောဦးရေသည် ၄၀ ဖြစ်နေသည်ဟု ဆိုကြပါသည်။ ဤဥပမာသည် အမှန်တကယ်ဖြစ်စဉ်နှင့် ကိုက်ညီဆီလျော်မှု မရှိသော ဥပမာဖြစ်သော်လည်း ရွေးကောက်ပွဲဖြစ်စဉ်ကို မသိနားမလည်သည့် ပြည်သူအချို့ကမူ မဲစာရင်းအမှားသည် မဲမသမာမှုဟု ထင်ယောင်ထင်မှား ရှိနေနိုင်သော အချက်ဖြစ်ပါသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူစာရင်းမှာ ၃၈၂၇၁၄၄၇ ဦး ( ၃၈ သန်းကျော် ) ဖြစ်ပါသည်။ ဥပမာမှာ ပြောထားသလို မဲလာရောက်ပေးသော ဦးရေသည် သန်း ၄၀ ကျော်မနေပါ။ ရိုက်နှိပ်ထားသော ဆန္ဒမဲလက်မှတ်အရေအတွက်ကတော့ အပိုဆောင်းထားရသည်များရှိ၍ ( ပြည်သူ၊ အမျိုးသား၊ တိုင်းဒေသကြီး/ ပြည်နယ်၊ တိုင်းရင်းသား လွှတ်တော် )တစ်ခုချင်းစီအတွက် သန်း၄၀ ကျော် ရှိနေမည် ဖြစ်ပါသည်။ အသုံးမပြုဘဲ ပိုသောဆန္ဒမဲ လက်မှတ်များကို အရေအတွက် အတိအကျ ပြန်လည်အပ်နှံရပါသည်။ ( တစ်မျိုးချင်းစီကို အရေအတွက် ၄၄ သန်းခန့် ဆန္ဒမဲလက်မှတ်များ ရိုက်နှိပ်ခဲ့သည်ဟု နောက်ဆုံးသတင်းများအရ သိရှိရပါသည်။ ) ပြည်သူ့လွှတ်တော်၌ ၂၇၅၁၂၈၅၅ မဲရှိပြီး၊ အမျိုးသားလွှတ်တော်၌ ၂၇၄၉၅၅၅ မဲသာလျှင် ရှိပါသည်။ ၂၇.၅ သန်း ဖြစ်ပါသည်။ ထို့ကြောင့် အမှန်တကယ်မဲပေးသူ အရေအတွက် အများဆုံးသည် ၂၇၅၁၂၈၅၅ ဦးဟု ယူလိုက်လျှင် ပျက်ကွက်သူဦးရေသည် ၁၀၇၅၈၅၉၂ ဦး ( ၁၀.၇ သန်းကျော်/ ၁၀.၈ သန်းခန့် ) ဖြစ်ပါသည်။

ထိုပျက်ကွက်သူများ စာရင်းတွင် အမှန်တကယ်ကြားနေ၍ မဲလာမပေးသူများလည်း ရှိသလို မဲမသမာမှုဖြစ်စေနိုင်သည်ဟု ပြောဆိုကြသော မဲစာရင်းထပ်သူများလည်း ( တစ်နေရာတွင် မဲပေးပြီးလျှင် နောက်အခြားတစ်နေရာ၌ လာရောက်မဲမပေးနိုင်တော့၍ ပျက်ကွက်ဖြစ်သွားပြီး ) ပါဝင်နေသည်ကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

ဤရွေးကောက်ပွဲ စာရင်းဇယား အရှုပ်အထွေးကို နားလည်သဘောပေါက်နိုင်ရန်အတွက် ပဲခူးတိုင်းရှိ ၄ မြို့နယ်မှာ ကျင်းပသည့် ရွေးကောက်ပွဲတစ်ခုကို ဥပမာကြည့်ပါမည်။

| စဉ် | အမည် | မဲပေးမည့်သူ နေထိုင်ရာမြို့ | | | |
|---|---|---|---|---|---|
| | | ပေါက်ခေါင်း | ပေါင်းတည် | ဖြူး | ပြည် |
| ၁ | ဦးမြ | ၁ | | | |
| ၂ | ဒေါ်လှ | ၁ | | | ၁ |
| ၃ | ဦးဝင်း | ၁ | | | ၁ |
| ၄ | ဦးမောင် | ၁ | | | |
| ၅ | ဒေါ်တင့် | | ၁ | ၁ | |
| ၆ | ဒေါ်မြင့် | | ၁ | | |
| ၇ | ဒေါ်အေး | | ၁ | | |
| ၈ | ဦးတင် | | ၁ | ၁ | |
| ၉ | ဦးခင် | ၁ | | ၁ | |
| ၁၀ | ဦးအောင် | ၁ | | ၁ | ၁ |
| ၁၁ | ဦးစိုး | | | ၁ | |
| ၁၂ | ဦးမိုး | | | ၁ | |
| ၁၃ | ဒေါ်ခင် | | | | ၁ |
| ၁၄ | ဒေါ်တိုး | | | | ၁ |
| ၁၅ | ဒေါ်မိုး | | | | ၁ |

အထက်ပါ ဇယားကို ကြည့်လျှင် အမှန်တကယ်ရှိသူ လူဦးရေစာရင်းသည် ၁၅ ဦး ( ပေါက်ခေါင်းမှာ ၄ ဦး၊ ပေါင်းတည်မှာ ၄ ဦး၊ ဖြူးမှာ ၄ ဦး နှင့် ပြည်မှာ ၃ ဦး ) ဖြစ်ပါသည်။ သို့သော် မဲစာရင်းများ ထပ်နေသောကြောင့်၊ တစ်ဦးတည်းနှင့် နှစ်မြို့ သုံးမြို့မှာ ပါရှိနေ၍ ( အနီရောင်နှင့် ပြထားပါသည် ) မဲစာရင်းမှာတော့ ၂၂ ဦး ဖြစ်နေပါသည်။ ဥပမာဇယားတွင် အမှတ်စဉ် ( ၁၀ ) မှ ဦးအောင်သည် မြို့နယ်သုံးခုမှာ မဲစာရင်းပါနေပါသည်။ အမှန်တကယ် ၁၅ ဦး + အနီရောင်နှင့် ပိုသောမဲစာရင်း ၇ ဦး = စုစုပေါင်းမဲစာရင်း ၂၂ ဦး ဖြစ်နေပါသည်။

အမှန်တကယ်ရှိသူ ၁၅ ဦးကို မဲစာရင်း၌ ၂၂ ဦးဖော်ပြပြီး ရွေးကောက်ပွဲကို ကျင်းပလိုက်ပြီ ဆိုကြပါစို့။ ထိုရွေးကောက်ပွဲတွင် ပြည်မြို့မှ ၃ ဦး စလုံးက လာရောက်မဲမပေးခဲ့ပါ။ သို့ဖြစ်လျှင် ကျန်သောသူ ၁၂ ဦး လာပေး၍ ပေးသောမဲသည် ၁၂ ဖြစ်ပြီး၊ စာရင်းရှိ ၂၂ မှ နုတ်လျှင် ပျက်ကွက်သောမဲသည် ၁၀ ဖြစ်ပါသည်။ ပိုသောမဲ ၇ + မလာသောမဲ ၃ = ၁၀ ဖြစ်ပါသည်။

အမှန်တကယ်မရှိသော၊ ထပ်နေသော မဲစာရင်းရှင်များသည် တစ်ကြိမ်မဲပေးပြီးလျှင် နောက်တစ်ကြိမ်ထပ်မံ၍ မဲလာမပေးနိုင်တော့သောကြောင့် ထပ်သောမဲများသည်

ပျက်ကွက်သောမဲများအဖြစ် ( ၇ + ၃ ) ကိန်းဂဏန်း လာပေါ်နေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပျက်ကွက်သောမဲဆိုသည်မှာ no vote များနှင့် ပိုသောမဲများ၏ ပေါင်းခြင်းသာလျှင် ဖြစ်သည်ကို ရှင်းလင်းစွာ နားလည်သဘောပေါက်ရပါမည်။ ၎င်းအချက်သည်ပင် ၂၀၂၀ ရွေးကောက်ပွဲတွင် မဲစာရင်းများ ထပ်နေခြင်းကို မဲမသမာခြင်းဟု ခေါင်းစဉ်တပ်လိုက်သော စာရင်းဇယား အရှုပ်အထွေး ဖြစ်လာပါသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် မဲစာရင်းထပ်နေခြင်းများပါ ရှိသော စုစုပေါင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အရေအတွက်သည် ၃၈ သန်းကျော်၊ မဲပေးသော အရေအတွက် ( ကြိုတင်မဲနှင့် မဲရုံသို့လာပေးခြင်းနှစ်ရပ်ပေါင်း ) သည် ၂၇.၅ သန်းကျော်၊ ပျက်ကွက်သော အရေအတွက်သည် ၁၀.၇ သန်းကျော် ( ၁၀.၈ သန်းခန့် ) ဖြစ်ပါသည်။ အထက်တွင် ရှင်းလင်းတင်ပြခဲ့သော အကြောင်းအချက်များ အားလုံးကို စုပေါင်း၍ ခြုံငုံသုံးသပ်လိုက်လျှင် တပ်မတော်က မဲမသမာမှု ဖြစ်နိုင်ခြေရှိသည်ဟု ပြောသော မဲထပ်နေသည့် အရေအတွက်သည် ၎င်း ပျက်ကွက် ၁၀.၇ သန်းကျော် ( ၁၀.၈ သန်းခန့် ) ထဲတွင် ပါရှိသွားပြီးဖြစ်ပါသည်။ အမှန်တကယ် စိစစ်လိုက်၍ ထပ်နေသောမဲ အရေအတွက်သည် ပျက်ကွက်မဲ အရေအတွက်ထက် များနေလျှင်တော့ မဲမသမာမှု ဖြစ်သည်ဟု ပြောနိုင်ပါမည်။

ပျက်ကွက်သောမဲ ၁၀.၇ သန်းကျော် ( ၁၀.၈ သန်းခန့် ) သည် အထက်တစ်နေရာတွင် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည့် မဲစာရင်းထပ်နေသော ၃ သန်းခန့်နှင့် no vote များ၏ ပေါင်းခြင်းသာလျှင် ဖြစ်ပါသည်။ ထို့ကြောင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြောနေသော မဲမသမာမှုသည် အတည်ပြု ကြေငြာထားသော ၂၇.၅ သန်းကျော်တွင် အနိုင်၊ အရှုံး မဲရလဒ်ကို ပြောင်းလဲသွားနိုင်လောက်အောင်အထိ အမြောက်အမြားမပါရှိနိုင်ပါ။ ( ကိန်းဂဏန်း စိစစ်မှုများအရ မဲမသမာမှုပြုထားခြင်းသည် အများဆုံး ၆၀၀ ခန့်ဟု အထက်တစ်နေရာတွင် ခန့်မှန်းသုံးသပ်ထားပြီးလည်း ဖြစ်ပါသည်။ )

## ၉။ နိုဝင်ဘာ ( ၈ ) ရက်နေ့တွင် မဲပေးကြခြင်း

၂၀၂၀ ရွေးကောက်ပွဲနေ့ဖြစ်သော နိုဝင်ဘာလ ( ၈ ) ရက်နေ့တွင် တစ်ချို့မဲပေးသူများက လွှတ်တော်ကျော်သွားခြင်းများ ဖြစ်တတ်သဖြင့် အထူးဂရုစိုက်ကြသော်လည်း ကျော်သွားခြင်းများကတော့ ရှိတတ်ပါသည်။ ထို့ကြောင့် UEC က တရားဝင်ထုတ်ပြန်သော စာရင်းတွင် ပြည်သူ့လွှတ်တော် မဲပေးသူဦးရေသည် တစ်နိုင်ငံလုံး၌ ၂၇၅၁၂၈၅၅ ဖြစ်ပြီး အမျိုးသားလွှတ်တော် မဲပေးသူဦးရေသည် တစ်နိုင်ငံလုံး၌ ၂၇၄၉၅၅၅ ဖြစ်သဖြင့် ကွာခြားမှုသည် တစ်နိုင်ငံလုံး၌ ၁၇၃၀၀ ဦးရေဖြစ်ပါသည်။ အတည်ပြုထားသော ဤကိန်းဂဏန်းများသည်

အမှန်တကယ်ရှိသောမြန်မာနိုင်ငံသားများက အများပြည်သူရှေ့မှောက်တွင် ကြိုတင်မဲအပါအဝင် မဲရုံသို့ အမှန်တကယ်လာပေးခဲ့ကြသော ကိန်းဂဏန်း အရေအတွက်များ ဖြစ်ပါသည်။ ပြည်သူ့လွှတ်တော်တွင် ကြိုတင်မဲပေါင်း ၅၈၈၄၄၂၀ နှင့် မဲရုံမဲပေါင်း ၂၁၆၂၈၄၃၅ ဖြစ်၍ မဲပေးသူဦးရေပေါင်း ၂၇၅၁၂၈၅၅ ဦး ဖြစ်ပါသည်။

မဲစာရင်းထပ်နေမှုများအရ ဦးသိန်းအေး ဆိုသော မဲပေးသူသည် တစ်ယောက်တည်းနှင့် တစ်မြို့တည်းမှာပင် ရပ်ကွက်ကြီး ( ၁ ) နှင့် ရပ်ကွက်ကြီး ( ၅ ) နှစ်နေရာစလုံးမှာ မဲစာရင်းပါကောင်း ပါနေမည်။ သို့မဟုတ်လျှင်လည်း သူယခုလက်ရှိနေထိုင်သော မိတ္ထီလာမြို့ မဲစာရင်းမှာလည်းပါရှိပြီး၊ ယခင်က သူနေထိုင်ခဲ့သော ပျော်ဘွယ်မြို့ မဲစာရင်းမှာလည်း ပါရှိနေမည် ဆိုကြပါစို့။

၎င်းဦးသိန်းအေးသည် တစ်နေ့တည်းတွင် မဲအကြိမ်ကြိမ်ပေးရန် မည်မျှလောက် စွမ်းဆောင်နိုင်မည်နည်း။ မဲတစ်ကြိမ်ပေးပြီးသွားလျှင် တစ်ပတ်ခန့်အထိ မပျောက်ပျက်နိုင်သော ဆေးရည်မင်ဖြင့် လက်သန်းမင်တို့ခံထားရပါသည်။ ကြိုတင်မဲများသည် လက်သန်းမင်မတို့ဘူးဟု မပြောပါနှင့်။ အထက်တစ်နေရာမှာ ရှင်းလင်းတင်ပြခဲ့သလိုပင် ကြိုတင်မဲပေးရန်သည် လူတိုင်းမဖြစ်နိုင်။ ထို့ပြင် ကြိုတင်မဲသည် လူမသိအောင် လျှို့ဝှက် တိုးတိုးတိတ်တိတ် ပေးလို့ရသည်မျိုးလည်း မဟုတ်ပါ။ အနည်းငယ်မျှကတော့ မသမာမှု ဖြစ်ခဲ့နိုင်သည်ကိုလည်း ရှင်းလင်းတင်ပြပြီး ဖြစ်ပါသည်။ သို့သော် မဲရလဒ်ကို ပြောင်းလဲသွားနိုင်အောင်အထိ အမြောက်အမြားဖြစ်ခဲ့ကြသယောင် ယေဘုယျဆန်ဆန် ကောက်ချက်မချသင့်ကြပါ။

မဲစာရင်းထပ်နေမှုကြောင့် ၎င်းဦးသိန်းအေး ရရှိထားသော မဲဆန္ဒရှင် သက်သေခံ လက်မှတ်များစွာသည် ဆန္ဒမဲလက်မှတ်များ မဟုတ်ကြပါ။ မဲစာရင်းတွင် ပါဝင်ခြင်းရှိ မရှိ စစ်ဆေးရာတွင် အထောက်အကူပြုနိုင်ရေးအတွက် မဲပေးသော ဖြစ်စဉ် လွယ်ကူလျင်မြန်အောင် ယခင်ရွေးကောက်ပွဲများတွင်လည်း ထုတ်ပေးခဲ့ကြပါသည်။

ဤသို့သော မဲဆန္ဒရှင် သက်သေခံ လက်မှတ်များစွာကို တစ်ဦးတစ်ယောက်တည်းအမည်နှင့် များစွာရရှိထားကြောင်း လူမှုကွန်ယက် စာမျက်နှာများပေါ်တွင် ထိုအချိန်က ဓာတ်ပုံရိုက်တင်ခဲ့ကြသည်တို့ကို အများပြည်သူက တွေ့မြင်၊ ဖြေရှင်းခဲ့ကြပြီးလည်း ဖြစ်ပါသည်။ ၎င်းမဲဆန္ဒရှင် သက်သေခံ လက်မှတ်များနှင့် အယောင်ဆောင် မဲလာပေးချိန်၌ အမှန်တကယ်မဲပေးနိုင်မည့် ဆန္ဒမဲလက်မှတ်ရရှိရန်အတွက် မဲရုံအဖွဲ့ဝင်များက စစ်ဆေးရှာဖွေပေးသော အဆင့်တွင်ပင် ပေါ်ပေါက်အရေးယူခဲ့ရသည့် ဖြစ်စဉ်များ ရှိခဲ့ပါသည်။ မဲမသမာမှုများ မဖြစ်ပွားနိုင်အောင်လည်း ပြစ်မှုအမျိုးအစားနှင့် ပြစ်ဒဏ်ပါရှိသော ရွေးကောက်ပွဲ

ဥပဒေ ကောက်နုတ်ချက်များကို ရပ်ကွက်/ ကျေးရွာ ကော်မရှင်ရုံးများတွင် ကြေငြာစာကပ်ထားပါသည်။

ဆန္ဒမဲလက်မှတ်ဆိုသည်မှာ အဆင့်ဆင့်စစ်ဆေးဖြတ်သန်းပြီးမှ ရရှိတာ ဖြစ်ပါသည်။ ယခင်ရွေးကောက်ပွဲများမှာကဲ့သို့ မဲရုံဝန်ထမ်းက ဘောပင်နှင့် ရုတ်တရက် ကောက်ခြစ်ပြီး မဲပုံးထဲ ထည့်လိုက်၍ ရသည်မျိုးလည်း မဟုတ်ပါ။ မဲပေးသော အခန်း၌သာ ထားရှိသည့် UEC အမှတ်အသားပါသော တံဆိပ်တုံးထုရမှာ ဖြစ်ပါသည်။

ညနေ ( ၄ ) နာရီ မဲရုံပိတ်သိမ်းပြီးချိန်တွင် မဲစာရင်းတွင် ပါဝင်မဲထည့်ခဲ့သော လူဦးရေကို ( ကြိုတင်မဲပေးသူများ မပါဘဲ ) လွှတ်တော်အသီးသီးရှိ မဲစာရင်းစစ်ဆေးသူ၏စာရင်းနှင့် မဲလက်မှတ်ထုတ်ပေးသူ၏ စာရင်းများရှိ အရေအတွက်များကို ကိုက်ညီမှုရှိ၊ မရှိ စိစစ်ကြည့်ရပါသည်။ ဆန္ဒမဲလက်မှတ်ကို ပို၍၊ ကြိုတင်၍ အလွတ်ဖြတ်ယူထား၍ မဖြစ်နိုင်ပါ။ မဲရုံမှူးက လက်မှတ်ကြိုတင်ထိုးထားမိလျှင်လည်း ကြက်ခြေခတ်ပြ ပယ်ဖျက်ပါသည်။ ထို့နောက် ပိုသော ဆန္ဒမဲလက်မှတ် လက်ကျန်များကို အရေအတွက်အတိုင်း အတိအကျ ပြန်လည်အပ်နှံရပါသည်။ စာမေးပွဲများတွင် မေးခွန်းလွှာနှင့် အဖြေလွှာများကို အပိုဆောင်းပေးထားသလိုမျိုး ဖြစ်ပြီး အသုံးပြုခြင်းမရှိလျှင် မှတ်တမ်းနှင့်တကွ ပြန်အပ်ရတာ ဖြစ်ပါသည်။

မဲထည့်သွားသည့် လူဦးရေနှင့် ထုတ်ယူသော မဲလက်မှတ် အရေအတွက် ကိုက်ညီမှု ရှိ၊ မရှိကို တိုက်ဆိုင်စစ်ဆေးပြီးသောအခါ လွှတ်တော်အသီးသီး၏ မဲပုံးများကို စောင့်ကြည့်သူ လူအများရှေ့မှောက်တွင် ခိုင်လုံထောက်ခံမဲ၊ ပယ်မဲ စသည်ဖြင့် စစ်ဆေးပြသကာ ရေတွက်ရပါသည်။

ကြိုတင်မဲပုံးကိုလည်း ယူကာ စောင့်ကြည့်သူ လူအများရှေ့မှောက်တွင် မဖွင့်ခင် ယခင်ကကြိုတင်မဲ ထုတ်ယူထားသော အရေအတွက်ကို ပြောပြကာ လုံခြုံရေးကြိုးကို စစ်ဆေးပြီး စာအိတ်/ မဲလက်မှတ် အရေအတွက် ကိုက်ညီမှု ရှိ၊ မရှိကို စစ်ဆေးရပါသည်။ ထိုကြိုတင်မဲစာရွက်များကိုလည်း စောင့်ကြည့်သူ လူအများရှေ့မှောက်တွင် ခိုင်လုံထောက်ခံမဲ၊ ပယ်မဲ စသည်ဖြင့် စစ်ဆေးပြသကာ ရေတွက်ရပါသည်။

မဲအနိုင် အရှုံး ရလာဒ်များသည် ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များအတိုင်း မဲလာပေးသည့် မဲဆန္ဒရှင်များ၏ ဆန္ဒမဲလက်မှတ်အပေါ် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအဆင့် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ လွှတ်တော်အသီးသီး၏ ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံတစ်ခုချင်းအလိုက် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ သတင်းမီဒီယာများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ မဲဆန္ဒရှင်သက်သေများ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ ဆန္ဒမဲလက်မှတ်ကို တစ်ရွက်ချင်း

ထောင်ပြခြင်း၊ ရေတွက်ခြင်း၊ ကိုယ်စားလှယ်လောင်းတစ်ဦးစီ ရရှိသည့် ဆန္ဒမဲအရေအတွက်ကို ပုံစံ ( ၁၆ ) ဖြင့် ပြုစု၍ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးခြင်းများဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ( ၂၀၀၈ ခုနှစ် ) အပါအဝင် တည်ဆဲရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ကြသည်ကို တစ်နိုင်ငံလုံးသာမက၊ နိုင်ငံတကာ အသိပင်ဖြစ်ပါသည်။

## ၁၀။ နိဂုံး

နိဂုံးချုပ် တင်ပြရလျှင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၌ ပါတီစုံ ဒီမိုကရေစီ တတိယသက်တမ်းအတွက် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲကြီးသည် မဲစာရင်း ချို့ယွင်းအားနည်းချက်များ ရှိသည်မှာ မှန်သော်လည်း၊ အမှန်တကယ် မြန်မာနိုင်ငံသားများက အမှန်တကယ်ပေးခဲ့ကြသော မဲရလာဒ်ကိုတော့ ပြောင်းလဲပစ်နိုင်သည်အထိ မဲမသမာမှု ဖြစ်စဉ်များ မရှိခဲ့သည်မှာ ပေါ်လွင်ထင်ရှားနေပါသည်။ ရှိခဲ့သော မဲမသမာမှု အချို့အတွက်လည်း တင်သွင်းလာသော ကန့်ကွက်လွှာအမှုများကို ရွေးကောက်ပွဲ ခုံအဖွဲ့ အသီးသီးက စစ်ဆေးကြားနာနေချိန်လည်း ဖြစ်ပါသည်။ ထိုခုံအဖွဲ့များက အဆုံးအဖြတ် ပြီးသည့်အခါမှ မကျေနပ်လျှင်လည်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်သို့ အယူခံ၊ ပြင်ဆင်မှုများ တင်သွင်းနိုင်သော အခွင့်အရေးများ ရှိနေသည်လည်း ဖြစ်ပါသည်။ အမှန်တကယ်မှာလည်း မဲစာရင်း ကိန်းဂဏန်း စိစစ်များ ပြုလုပ်ရန် မလိုအပ်တော့ဘဲ၊ ဤစစ်ဆေးကြားနာဆုံးဖြတ်သည့် လုပ်ငန်းစဉ်တို့ကိုသာ ဆက်လက်လုပ်ဆောင်နေသင့်သည်သာ ဖြစ်ပါသည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ( ၂၀၀၈ ခုနှစ် ) အတိုင်း လုပ်ဆောင်နေသော ရွေးကောက်ပွဲ ကော်မရှင်အဆင့်ဆင့်၏ လုပ်ငန်းများတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုသင့်ဘဲ၊ မိမိ၏ အဓိက တာဝန်ဖြစ်သည့် နိုင်ငံတော် ကာကွယ်ရေးနှင့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်ရေးတို့ကိုသာ တပ်မတော်၏ အစဉ်အလာ ( ၁၂ ) ရပ်နှင့်အညီ ဆက်လက်ထိန်းသိမ်းလုပ်ဆောင်သင့်ပါသည်။ တပ်မတော်သည် နိုင်ငံတော်အတွက် အမှန်တကယ် မလိုအပ်သေးသော အရေးပေါ်အခြေအနေ ကြေငြာထားခြင်းကို ပြန်လည်ရုတ်သိမ်းပြီးလျှင် ၂၀၂၀ အထွေထွေရွေးကောက်ပွဲ၏ ရလဒ်ကို အသိအမှတ်ပြု၊ လေးစားလက်ခံကာ ပြည်သူ့အစိုးရဖွဲ့နိုင်ရန် အကူအညီပေးခြင်းကသာ တပ်မတော်ကြီး တစ်ခုလုံးအတွက် သမိုင်းကြောင်းကောင်းစေမည့် တစ်ခုတည်းသော၊ မှန်ကန်သည့် အဖြေဖြစ်ကြောင်းကို မဲရုံတာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများအနေနှင့် အလေးအနက် တင်ပြတိုက်တွန်းအပ်ပါသည်။ အမိနိုင်ငံတော်၏ အသစ်ဖောက်ထားကာစ၊ မချောမွေ့သေးသော

ဒီမိုကရေစီလမ်းကို တပ်မတော်၊ ပြည်သူ၊ ပါတီစုံနှင့် အဖွဲ့အစည်းများအားလုံးသည် တစ်လှေတည်း မစီးနိုင်ကြလျှင်သော်မှ တစ်ခရီးတည်းကို ဝိုင်းဝန်းညီညာစွာ ဆက်လက်လျှောက်လှမ်းနိုင်ကြပါစေကြောင်းကိုလည်း နိုင်ငံတော်၏ ပညာရေးဝန်ထမ်းများအနေနှင့် ဆုမွန်ကောင်းတောင်းအပ်ပါသည်။ ။

မဲရုံတာဝန်ကျ ဆရာ၊ ဆရာမများအဖွဲ့